- နှစ်တစ်နှစ်အတွင်း ရောင်းချသည့် အခြေပစ္စည်း၏တန်ဖိုး စုစုပေါင်းသည်ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် မြတ်စွန်းငွေ ရရှိစေကာမူ ဝင်ငွေခွန် မကျသင့်ပါ။
- ပြည်တွင်းထုတ်လုပ်မှုကို အခြေခံသည့် အသစ်ထူထောင်သော အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ(သို့မဟုတ်) အသေးစား စက်မှုလက်မှုလုပ်ငန်းများအတွက် လုပ်ငန်းစတင်သည့်နှစ် အပါအဝင်တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်း အသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၂၀၀ အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်။ ကျပ်သိန်း ၂၀၀ ထက်ပိုမို ပါက ပိုမိုရရှိသော အသားတင်အမြတ်ဝင်ငွေပေါ်တွင်သာ ဝင်ငွေ ခွန်စည်းကြပ်ပါမည်။

## အခွန်နှုန်းထားများ

### ❖ လစာ၊ သက်မွေး၊ စီးပွားနှင့်အခြားရလမ်းများမှဝင်ငွေ

| စဉ် | အခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | ကျပ်(မှ) | ကျပ်(ထိ) | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ % |
| ၂ | ၂,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၅ % |
| ၃ | ၁၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၁၀ % |
| ၄ | ၃၀,၀၀၀,၀၀၁ | ၅၀,၀၀၀,၀၀၀ | ၁၅ % |
| ၅ | ၅၀,၀၀၀,၀၀၁ | ၇၀,၀၀၀,၀၀၀ | ၂၀ % |
| ၆ | ၇၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ % |

### ❖ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ခြင်း

| မြတ်စွန်းငွေ(ညီမျှကျပ်) | ဝင်ငွေခွန်နှုန်း |
|---|---|
| သန်းပေါင်း(၁၀၀,၀၀၀)အထိ | ၄၀ % |
| သန်းပေါင်း(၁၀၀,၀၀၁)မှ(၁၅၀,၀၀၀)အထိ | ၄၅ % |
| သန်းပေါင်း(၁၅၀,၀၀၁)နှင့်အထက် | ၅၀ % |

### ❖ စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေ

| စဉ် | ဝင်ငွေ(ကျပ်) | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| ၁ | ၁ | ၃၀၀,၀၀၀,၀၀၀ | ၃ % |
| ၂ | ၃၀၀,၀၀၀,၀၀၁ | ၆၀၀,၀၀၀,၀၀၀ | ၅ % |
| ၃ | ၆၀၀,၀၀၀,၀၀၁ | ၁,၀၀၀,၀၀၀,၀၀၀ | ၁၀ % |
| ၄ | ၁,၀၀၀,၀၀၀,၀၀၁ | ၃,၀၀၀,၀၀၀,၀၀၀ | ၁၅ % |
| ၅ | ၃,၀၀၀,၀၀၀,၀၀၁ နှင့်အထက် | | ၃၀ % |




အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (ရန်ကုန်)၊အမှတ်-၁၂၈/၁၃၂၊ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်) ၊ ကျောက်တံတားမြို့နယ်၊ ဖုန်း- ၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)၊ ရုံးအမှတ်-၄၆၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)၊ လမ်း ၆၀၊ ၁၀၁(A) x၁၀၂လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ ဖုန်း-၀၂-၄၀၃၀၁၉၂ ၊ ၀၂-၄၀၃၀၆၃၈ ၊ ၀၂--၄၀၃၀၆၃၉ သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီး ဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များ ဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mmသို့ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း Download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## အခွန်ထမ်းအမျိုးအစားများနှင့်ဝင်ငွေခေါင်းစဉ်အလိုက် ကျသင့်ဝင်ငွေခွန်နှုန်းထားများ




၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။

**Internal Revenue Department**

**Office Building No.(46), Nay Pyi Taw**

https://www.ird.gov.mm

**“Tax by the Law, Service by our Heart”**

## ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ အခွန်ထမ်းအမျိုးအစားနှင့်ဝင်ငွေခေါင်းစဉ်အလိုက် ကျသင့်ဝင်ငွေခွန်နှုန်းထားများ

| စဉ် | အခွန်ထမ်းအမျိုးအစား | လစာ | သက်မွေး | စီးပွား | အခြား | ပစ္စည်းငှားရမ်းခ | အခြေပစ္စည်းမှ မြတ်စွန်းငွေ | စကလက | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | **ပြည်တွင်းနေနိုင်ငံသား**<br>(က) တစ်ဦးချင်းပုဂ္ဂိုလ် | စုစုပေါင်းလစာဝင်ငွေမှ ပုဒ်မ၆နှင့်၆-ကအရ နုတ်ပြီးကျန်ငွေအပေါ် ၀ % မှ ၂၅ % ထိ | စုစုပေါင်းဝင်ငွေ(အသားတင်အမြတ်)မှ ပုဒ်မ၆နှင့် ၆-က အရ နုတ်ပြီး ကျန်ငွေအပေါ် ၀ % မှ ၂၅ % ထိ | | | ငှားရမ်းခရငွေမှ ပုဒ်မ၆နှင့်၆-က အရ နုတ်ပြီး ၁၀% | မြတ်စွန်းငွေပေါ် ၁၀ % | ဝယ်ယူ/ တည်ဆောက်/ ရယူ/ အသစ်တည်ထောင်/ထပ်မံတိုးချဲ့ အသုံးပြုသည့်ဝင်ငွေအပေါ် ၃ % မှ ၃၀ % ထိ | - သက်မွေး၊စီးပွား၊အခြားပေါင်းစည်းကြပ်ရမည်။<br>- လစာ၊ပစ္စည်း၊ အခြေ၊ စကလကသီးခြားစည်းကြပ်ရမည်။<br>- ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။ |
| | (ခ) ပုဂ္ဂိုလ်စု<br>(၁) အစုစပ်/အခြေခံသမဝါယမအသင်း | | | စုစုပေါင်းဝင်ငွေ(အသားတင်အမြတ်)မှ ပုဒ်မ၆နှင့်၆-ကအရ နုတ်ပြီး ကျန်ငွေအပေါ် ၀ % မှ ၂၅ % ထိ | | | မြတ်စွန်းငွေပေါ် ၁၀ % | | - ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။ |
| | (၂) အခြေခံသမဝါယမအသင်းမှအပ ဖြစ်သော သမဝါယမအသင်းများ | | | စုစုပေါင်းဝင်ငွေ(အသားတင်အမြတ်)မှ ပုဒ်မ ၆နှင့် ၆-ကအရ နုတ်ပြီး ကျန်ငွေအပေါ် ၂၂ % | | | မြတ်စွန်းငွေပေါ် ၁၀ % | | - ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။ |
| | (၃) နိုင်ငံပိုင်အဖွဲ့အစည်း၊ကုမ္ပဏီ၊ ဖက်စပ်၊ MIC ခွင့်ပြုလုပ်ငန်း | | | စုစုပေါင်းဝင်ငွေ(အသားတင်အမြတ်)အပေါ် ၂၂ % | | | မြတ်စွန်းငွေပေါ် ၁၀ % | | - ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။ |
| ၂ | **ပြည်တွင်းနေနိုင်ငံခြားသား**<br>(က) တစ်ဦးချင်းပုဂ္ဂိုလ် | စုစုပေါင်းလစာဝင်ငွေမှပုဒ်မ ၆ နှင့် ၆-က အရ နုတ်ပြီးကျန်ငွေ အပေါ် ၀ % မှ ၂၅ % ထိ | ပုဒ်မ ၆ နှင့်၆-ကအရ နုတ်ပြီး ကျန်ငွေအပေါ် ၀ % မှ ၂၅ % ထိ | | | စုစုပေါင်းငှားရမ်းခ ရငွေမှပုဒ်မ၆နှင့်၆-က အရနုတ်ပြီး ၁၀ % | မြတ်စွန်းငွေပေါ် ၁၀ % | | - ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။ |
| | (ခ) ပုဂ္ဂိုလ်စု | | စုစုပေါင်းဝင်ငွေ(အသားတင်အမြတ်) အပေါ် ၂၂% | | | | မြတ်စွန်းငွေပေါ် ၁၀ % | | - ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။ |
| ၃ | **ပြည်ပနေနိုင်ငံသား**<br>(က) တစ်ဦးချင်းပုဂ္ဂိုလ် | စုစုပေါင်း လစာဝင်ငွေမှ ပုဒ်မ ၆ အရ နုတ်ပြီး ကျန်ငွေ အပေါ် ၀ % မှ ၂၅ % ထိ (သို့မဟုတ်) ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ ၂% (ယင်းတို့အနက်မှ နည်းရာ ကျသင့်အခွန်) | နိုင်ငံခြားငွေဖြင့် ပြည်ပတွင် ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် ၁၀ % | | | | | | - ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။ |
| | (ခ) ပုဂ္ဂိုလ်စု | | | နိုင်ငံခြားငွေဖြင့် ပြည်ပတွင် ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် ၁၀ % | | | | | - ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။ |
| ၄ | **ပြည်ပနေနိုင်ငံခြားသား**<br>(က) တစ်ဦးချင်းပုဂ္ဂိုလ် | စုစုပေါင်းလစာဝင်ငွေမှ ပုဒ်မ ၆ နှင့် ၆-ကအရ နုတ်ပယ်ခြင်းမပြုဘဲ ၀ % မှ ၂၅ % ထိ | ပုဒ်မ ၆နှင့် ၆-ကအရ သက်သာခွင့်မနုတ်မီစုစုပေါင်းဝင်ငွေ (အသားတင်အမြတ်)အပေါ် ၂၂ % | | | | မြတ်စွန်းငွေပေါ် ၁၀ % | | - ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။ |
| | (ခ) ပုဂ္ဂိုလ်စု | | | စုစုပေါင်းဝင်ငွေ(အသားတင်အမြတ်)အပေါ် ၂၂ % | | | မြတ်စွန်းငွေပေါ် ၁၀ % | | - ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။ |
| ၅ | **မြန်မာနိုင်ငံ၏ရေနံနှင့်သဘာဝဓါတ်ငွေ့ရှာဖွေ တူးဖော်/ထုတ်လုပ်ကုမ္ပဏီ** | | | စုစုပေါင်းဝင်ငွေ(အသားတင်အမြတ်)အပေါ် ၂၅ % | | | မြတ်စွန်းငွေပေါ် ၄၀ % မှ ၅၀ % ထိ | | - ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။ |
| ၆ | **ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများ** | | | စုစုပေါင်းဝင်ငွေ(အသားတင်အမြတ်)အပေါ် ၁၇ % | | | မြတ်စွန်းငွေပေါ် ၁၀ % | | - ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။ |

**သက်မွေး = အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း စီးပွား= စီးပွားရေးလုပ်ငန်း အခြား = အခြားရလမ်းများမှဝင်ငွေ စကလက = စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေ၊**

**ပုဒ်မ ၆ = အခြေခံသက်သာခွင့် ၂၀%(ကျပ်သိန်း ၁၀၀ ထက်မပိုရ) + သက်သာခွင့်များ (အတူနေမိဘ+ အိမ်ထောင်ဖက်+ သားသမီး+ လူမှုဖူလုံရေးထည့်ဝင်ငွေ+ အသက်အာမခံပရီမီယံ)**

**ပုဒ်မ ၆-က = နိုင်ငံတော်က ကမကထပြုသော ဘာသာရေး (သို့)ကုသိုလ်ရေး ရန်ပုံငွေသို့ လှူဒါန်းငွေကိုနုတ်ပယ်ရမည်။ လှူဒါန်းငွေသည် အခွန်ထမ်း၏စုစုပေါင်းဝင်ငွေ၏ ၂၅ % နှင့်ညီမျှသောငွေထက်မပိုရ**